# မြန်မာနိုင်ငံ
# အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေးနှင့်
# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ
# လိုအပ်ချက်များကို ပူးတွဲလေ့လာဆန်းစစ်ခြင်း



Global Education Cluster
Myanmar Education Cluster
REACH An Initiative of IMPACT Initiatives, ACTED & UNOSAT
Child Protection Area of Responsibility
Myanmar Child Protection AoR
Child Protection

# အစီရင်ခံစာအကျဉ်းချုပ်

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကြောင့် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအဆင့်သည် ၂၀၀၅ ခုနှစ်ကတတည်းက မတွေ့ရှိခဲ့ရဖူးသည့် အခြေအနေအထိ ဆိုးရွားသွားစေခဲ့သည်။ နိုင်ငံရေးပြောင်းလဲမှုဖြစ်သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းချိန်မှစ၍ နိုင်ငံတစ်ဝှမ်းလုံးတွင် နေရပ်စွန့်ခွာရသူလူဦးရေ ၁.၁ သန်းကျော်ရှိလာပြီး၊ တစ်နိုင်ငံလုံး လူဦးရေ၏ ထက်ဝက်နီးပါးသည် နေထိုင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်း မရှိကြတော့ပါ။ လူမျိုးရေးနှင့် ဘာသာရေး တင်းမာမှုများ၊ နိုင်ငံရေးကွဲပြားမှုများ၊ လူအခွင့်အရေးချိုးဖောက်မှုများ၊ စီးပွားရေးအခက်အခဲများသည် ဤအကျပ်အတည်းကို ဆက်လက်ဖြစ်ပေါ်စေသော အခြေခံ အကြောင်းရင်းများ ဖြစ်ကြပြီး၊ တချိန်တည်းတွင် နိုင်ငံတွင်း စွမ်းဆောင်ရည်များ အကန့်အသတ်ရှိခြင်း၊ သွားလာရေးနှင့် ဝင်ရောက်ကူညီခွင့် အကန့်အသတ်များရှိခြင်းနှင့် ရန်ပုံငွေထောက်ပံ့မှုကွာဟချက်များကြောင့် နိုင်ငံတကာမှ ဆောင်ရွက်သည့် တုံ့ပြန်ရေး လုပ်ငန်းများကို နှောင့်နှေးစေပါသည်။ ကိုဗစ်(၁၉) ကပ်ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်လိုက်ရခြင်းနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေး အပြောင်းအလဲကြောင့် ပညာသင်ကြားရေးကို နှစ်နှစ်အပြည့်နီးပါး ပြတ်တောက်သွားစေခဲ့သည်။ စာသင်ကျောင်းများကို တိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများတွင် လက်နက်ကိုင်တပ်ဖွဲ့များက နေရာယူထားခြင်း၊ နေရပ်စွန့်ခွာရသူများကို နေရာပေးထားရခြင်းနှင့် ကလေးသူငယ်များ၏ လုံခြုံရေးကို ခြိမ်းခြောက်မှုများရှိနေခြင်းကြောင့် ဘေးကင်းလုံခြုံရေးဆိုင်ရာစိုးရိမ်မှုများသည် ကလေးသူငယ်များအား ကျောင်းမထားကြခြင်း၏ အဓိကအကြောင်းရင်းဖြစ်နေသည်။ အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး (EiE) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP) ဆိုင်ရာ လိုအပ်ချက်များကို ပူးတွဲလေ့လာဆန်းစစ်ခြင်း လုပ်ငန်းသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ နောက်ထပ် သက်သေအထောက်အထားများကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေဆဲ ပဋိပက္ခများကြောင့်၊ ပညာရေးအစုအဖွဲ့နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းနယ်ပယ် (CP AoR) တို့၏ မိတ်ဖက်အဖွဲ့များသည် အချက်အလက်ကောက်ယူရေးအတွက် လုံခြုံစိတ်ချစွာ သွားလာနိုင်သည့် နယ်မြေဒေသများကို သတ်မှတ်နိုင်ရန်အလို့ငှာ ပထမဦးစွာ ၂၀၂၂ ခုနှစ် ဇွန်လမှ ဇူလိုင်လအတွင်းတွင် ဖြစ်နိုင်ခြေလေ့လာမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဤလိုအပ်ချက်ပူးတွဲလေ့လာဆန်းစစ်မှု (JNA) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကလေးသူငယ် များနှင့် တိုင်ပင်ဆွေးနွေးနိုင်မည့် ဖြစ်နိုင်ခြေများကို သတ်မှတ်ဆုံးဖြတ်ရန်အတွက် “ကလေးသူငယ်များ ပူးပေါင်း ပါဝင်ရာတွင် အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ယင်းတို့ကို လျှော့ချရေး”

*Front cover photo: © Caroline Naw*

အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။ JNA တွင် စာသင်ကျောင်းများ[1]၊ ကျောင်းတက်နေသည့် ကလေးသူငယ်များ၊ ကျောင်းပြင်ပမှ ကလေးသူငယ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စုဆောင်းနိုင်ရန်အတွက် အရည်အသွေးပြနှင့် ပမာဏပြ အချက်အလက်များအား စုဆောင်းသည့် နည်းလမ်းများကို ရောနှောအသုံးပြုခဲ့သည်။ အသုံးပြုခဲ့သည့် နည်းလမ်းများတွင် ကျောင်းများ အား စစ်တမ်းကောက်ယူခြင်း၊ မြို့နယ်အဆင့်တွင် ပညာရေးနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အသိပညာများရှိသည့် လူပုဂ္ဂိုလ်များ၊ မိဘအုပ်ထိန်းသူများကို အဓိက သတင်းပေးသူများအဖြစ် တွေ့ဆုံ မေးမြန်းခြင်း (KII)၊ အထက်တန်းကျောင်း တက်ရောက်နိုင်သော အသက်အရွယ်ရှိသည့် (အသက် ၁၄ နှစ်မှ ၁၇ နှစ်ကြား) ကလေးများနှင့် ဦးတည်အုပ်စုအလိုက်ဆွေးနွေးခြင်း (FGD) တို့ ပါဝင်သည်။ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မကွေး၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်း (မြောက်) နှင့် ရှမ်း(တောင်) စသည့် ပြည်နယ်/ တိုင်းဒေသကြီး ၉ ခုတို့မှ မြို့နယ် ၂၇ မြို့နယ်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း မြန်မာ၊ တအောင်း၊ ကချင်ဘာသာများဖြင့် ပြုစုထားသည့် စစ်တမ်းမေးခွန်းလွှာများကို အသုံးပြု၍ အချက်အလက်များကို ကောက်ယူခဲ့သည်။

ဤ JNA တွင် ရလဒ်များကို ဖွင့်ဆိုရာ၌ ထည့်သွင်းစဉ်းစားရမည့် ကန့်သတ်ချက်များကိုလည်း ဖော်ပြထားသည်။ လက်ရှိဖြစ်ပွားနေဆဲ ပဋိပက္ခများနှင့် အချက်အလက်များကောက်ယူနေစဉ်ကာလအတွင်း ပြဋ္ဌာန်းခဲ့သည့် အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေသစ်ကဲ့သို့သော ဗျူရိုကရက်အတားအဆီးများရှိနေခြင်းကြောင့် လျာထားသည့် နယ်မြေဒေသများသို့ သွားလာရန် အကန့်အသတ်များရှိခဲ့သည့်အတွက် ဤလေ့လာဆန်းစစ်ချက်ပါ အချက်အလက်များသည် နိုင်ငံအဆင့်ကိုလည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ကို လည်းကောင်း ကိုယ်စားပြုခြင်း မရှိပါ။ ထို့အပြင် ကြိုတင်ရွေးချယ်ထားသော နမူနာကောက်ယူခြင်းနည်းလမ်း (ဆိုလိုသည်မှာ သွားရောက်မည့် ကျောင်းများကို အကောင်အထည်ဖော်ရေးမိတ်ဖက်အဖွဲ့များအား ရွေးချယ်စေခဲ့ခြင်း) ဖြင့် အချက်အလက်များ ကို ကောက်ယူခဲ့ခြင်းကြောင့် နမူနာရွေးချယ်ရာတွင် ဘက်လိုက်မှုများ ရှိခဲ့နိုင်သည်။ ဤလေ့လာဆန်းစစ်မှုတွင် အလွတ်သဘောပညာသင်ကျောင်း (informal school) ၌ အနည်းဆုံးအားဖြင့် ကလေးတစ်ဦးကို ကျောင်းအပ်ထားသည့် မိဘအုပ်ထိန်းသူများကိုသာ တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့အပြင် မိတ်ဖက်အဖွဲ့များသည် ဘေးကင်းလုံခြုံသည့် အခြေအနေရှိသည်ဟု စဉ်းစားပြီးမှသာ မိဘအုပ်ထိန်းသူများကို တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ပါသည်။ ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးရာတွင်လည်း အလားတူ အကန့်အသတ်များကို ကြုံတွေ့ခဲ့ရပြီး၊ ကလေးသူငယ်များနှင့် တိုင်ပင်ဆွေးနွေးမှုများကို ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင်သာ ပြုလုပ်နိုင်ခဲ့သည်။ (ကနဦးစဉ်းစားချက်များကို အခြေခံ၍ နမူနာရွေးချယ်ခြင်းအတွက်) ဆယ်ကျော်သက်အရွယ်ကလေးများကိုသာ ဦးတည်လျာထားခဲ့ပြီး၊

---

[1] ဤလေ့လာဆန်းစစ်မှုတွင် ပညာရေးစာသင်ကျောင်း (formal school) နှင့် အလွတ်သဘောပညာသင်ကျောင်း (informal school) နှစ်မျိုးလုံး လွှမ်းခြုံပါဝင်သည်၊ ဤစကားရပ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အစီရင်ခံစာအပြည့်အစုံတွင် ကြည့်နိုင်ပါသည်။

ဆွေးနွေးပွဲများတွင် ပါဝင်မည့်ကလေးများကိုလည်း ယင်းတိုင်ပင်ဆွေးနွေးပွဲများကို စီစဉ်ပေးသည့် မိတ်ဖက်အဖွဲ့များကပင် ကြိုတင်ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ နောက်ထပ် အကန့်အသတ်တစ်ခုမှာ ယောကျာ်းလေးများနှင့် မိန်းကလေးများကို ရောနှောအုပ်စုဖွဲ့၍ တိုင်ပင်ဆွေးနွေးခဲ့သည့်အတွက် အချက်အလက်များကို ကျား/မအလိုက် ခွဲခြားကောက်ယူရန် အခက်အခဲ ရှိခဲ့သည်။ ထို့အပြင် နမူနာအရေအတွက် နည်းပါးခြင်းကြောင့် အပိုင်းလိုက် ခွဲခြားထားသော ရလဒ်များ၏ တိကျမှုကို အကန့်အသတ် ဖြစ်စေပြီး၊ ထိုရလဒ်များမှ နိဂုံးချုပ် သုံးသပ်ချက်များကို ဆွဲယူကောက်ချက်ချရာတွင် အထူးသတိပြုရန် လိုအပ်ပါသည်။ အားလုံးကို ခြုံကြည့်ပါက၊ ဤအစီရင်ခံစာတွင် တင်ပြထားသော ရလဒ်များကို လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက သွားရောက်နိုင်ခဲ့သည့် ဒေသများအတွက် ညွှန်ပြချက်လက္ခဏာအနေဖြင့်သာ စဉ်းစားသင့်ပါသည်။

## အဓိကတွေ့ရှိချက်များ

## ပညာသင်ကြားရေးကို လက်လှမ်းမီရရှိမှုနှင့် အတားအဆီးများ

- လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည့် မြို့နယ်များတွင် နိုင်ငံရေး အပြောင်းအလဲကြောင့် စာသင်ကျောင်း/ပညာသင်ကြားရေး ပုံစံအမျိုးမျိုးတို့၏ ဖွင့်လှစ်သင်ကြားနိုင်မှုနှင့် ယင်းတို့အား တောင်းဆိုမှု တို့အပေါ် ကြီးမားစွာ သက်ရောက်မှု ရှိခဲ့ပြီး၊ အချို့သော အစိုးရကျောင်းများ ပိတ်နေချိန်တွင် အစိုးရက ဖွင့်လှစ်ခြင်းမဟုတ်သည့် ကျောင်းများ/သင်ကြားရေးနေရာများကို တောင်းဆိုမှု ပိုမိုများပြားလာသည်။
    - ပညာရေးနှင့်စပ်လျဉ်း၍ အဓိကသတင်းပေးသူများအား တွေ့ဆုံမေးမြန်းခြင်း (KII) နည်းလမ်းဖြင့် လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ် ၂၆ မြို့နယ်အနက် ၁၁ မြို့နယ်တွင် ၂၀၂၀ ခုနှစ် မတ်လ မတိုင်မီက ပုံမှန်ဖွင့်လှစ်သင်ကြားခဲ့သည့် ကျောင်းများအနက် အနည်းဆုံးတစ်ကျောင်းသည် လုံးဝ ပိတ်ထားပြီး၊ ထိုအချိန်မှစ၍ သင်ကြားရေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ခြင်း မရှိတော့ပါ။ ကျောင်းပိတ်ထားမှု ရှိနေသည့် မြို့နယ်အများစု (၁၁ မြို့နယ်အနက် ၁၀ မြို့နယ်) တွင် ပိတ်ထားသော ကျောင်းများမှာ ပညာရေးဝန်ကြီးဌာန (MoE) လက်အောက်ရှိ ကျောင်းများဖြစ်ကြသည်။
    - ကျောင်းများအား စစ်တမ်းကောက်ယူခြင်း (School Survey) ရလဒ်များအရ၊ နိုင်ငံရေး အပြောင်းအလဲကြောင့် ကျောင်းများဖွင့်လှစ်သင်ကြားနိုင်မှုတွင် ပုံစံပြောင်းလဲမှု ဖြစ်စေသည်ဟူသော အချက်ကို ထောက်ခံနေသည်။ မြို့နယ် ၂၄ မြို့နယ်မှ လေ့လာဆန်းစစ်ခဲ့သည့် စာသင်ကျောင်း ၃၀၆ ကျောင်းအနက် ၂၂% ကို ၂၀၂၀ ခုနှစ် မတ်လနောက်ပိုင်းတွင် တည်ထောင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း အစီရင်ခံထားသည်။ လေ့လာဆန်းစစ်ခဲ့သည့် ပညာရေးစာသင်ကျောင်းများ (formal schools) အနက် ၅% သည်သာ ကိုဗစ်(၁၉) ဖြစ်ပွားပြီးနောက်မှ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကိုယ်ပိုင်ကျောင်းများနှင့်

အလွတ်သဘောပညာသင်ကျောင်း (informal school) များအတွက်မူ ကိုဗစ်(၁၉) ဖြစ်ပွားပြီးနောက်မှ တည်ထောင်ခဲ့သည့် ကျောင်းအရေအတွက်မှာ ၂၅% အထိ မြင့်တက်လာကြောင်း တွေ့ရှိရသည်။

- အဓိကသတင်းပေးသူများ (KI) အဖြစ် တွေ့ဆုံမေးမြန်းခဲ့သည့် မိဘ အုပ်ထိန်းသူများအနက် ၃၈% က ငွေကြေးအခက်အခဲ၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ၊ သွားလာရေး ပြဿနာများ သို့မဟုတ် အခြား အတားအဆီးများ မရှိပါက သူတို့၏ ကလေးများကို အခြားကျောင်းတစ်ကျောင်းသို့ ပြောင်းထားလိုကြောင်း အစီရင်ခံခဲ့သည်။ သူတို့၏ ကလေးများအား MoE လက်အောက်ခံကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများသို့ ပြောင်းထားလိုကြောင်းကို အကြိမ်ရေ အများဆုံး ပြောကြားခဲ့ကြသည်။ ဤသို့ ကျောင်းပြောင်းထားလိုသည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ အများဆုံးဖြေဆိုခဲ့သည့် အကြောင်းပြချက် မှာ “ကျောင်းပြီးပါက အလုပ်အကိုင်အခွင့်အလမ်း ပိုမို ကောင်းမွန်ခြင်းကြောင့်” ဖြစ်ပြီး၊ ဒုတိယ အများဆုံး အကြောင်းပြချက်မှာ “အင်္ဂလိပ်စာကို လေ့လာသင်ယူ၍ အင်္ဂလိပ်စာကျွမ်းကျင်မှု တိုးတက်စေရန်” ဖြစ်သည်။

- ဤမြို့နယ်များရှိ ကျောင်းများအား ပိတ်ထားခြင်းနှင့်စပ်လျဉ်း၍ အများဆုံးဖြေဆိုခဲ့သည့် အကြောင်းရင်း ၄ ခု သည် လက်နက်ကိုင်ပဋိပက္ခများ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အကျိုးဆက်များပင် ဖြစ်နေပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ် ၁၁ မြို့နယ်အနက် ၆ မြို့နယ်တွင် “လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များရှိခြင်းကြောင့်” ဟူသောအချက်ကို အဓိကအကြောင်းရင်းများအနက် တစ်ခုအဖြစ် ဖြေကြားခဲ့ပြီး၊ ဆက်လက်၍ “သက်ဆိုင်ရာများက ကျောင်းပိတ်ရန် ညွှန်ကြားထားသောကြောင့်”၊ “ဤနယ်မြေတွင် တိုက်ပွဲများဖြစ်ခဲ့သောကြောင့်/ဖြစ်နေသောကြောင့်”၊ “သင်ကြားရေးဝန်ထမ်းများ အလုံအလောက် မရရှိနိုင်သောကြောင့်” ဟူသော အချက်များကို အကြောင်းရင်းများအဖြစ် ဖြေကြားခဲ့ကြသည်။
- ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက လက်ရှိပညာသင်နှစ် (၂၀၂၂-၂၀၂၃) တွင် အတန်းအားလုံးအတွက် ကျောင်းအပ်နှံထားသည့် စုစုပေါင်းကျောင်းသား/သူ အရေအတွက် တိုးမြင့်လာကြောင်း စာသင်ကျောင်းအများစုက အစီရင်ခံခဲ့သည်။ သို့ရာတွင် ဤရလဒ်များမှာ ရှိပြီးသားအချက်အလက်များမှ သိရှိထားသည့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကျောင်းအပ်နှံမှု လျော့ကျသွားသည်ဟူသော အချက်နှင့် ဆန့်ကျင်ဖက် ဖြစ်နေသည်ဟု မဆိုနိုင်ပါ။ ဤကွဲလွဲမှုအတွက် ဖြစ်နိုင်သော ရှင်းပြချက်တစ်ခုမှာ ယခုလေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည့် မြို့နယ်များတွင် ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း စုစုပေါင်းစာသင်ကျောင်းအရေအတွက် လျော့ကျသွားခဲ့ပြီး၊ ဖွင့်လှစ်နိုင်သည့် ကျောင်းများက ပိတ်ထားသည့် ကျောင်းများမှ ကျောင်းသား/သူများကို လက်ခံလိုက်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

- အဓိကသတင်းပေးသူများ (KI) အဖြစ် မေးမြန်းခဲ့သည့် မိဘအုပ်ထိန်းသူများ၏ အမြင်အရ၊ ရပ်ရွာအသိုင်းအဝိုင်းအတွင်းရှိ မိန်းကလေးနှင့်ယောကျ်ားလေးအားလုံးက ပညာရေးကို ပိုမိုလက်လှမ်းမီ ရရှိနိုင်ရေးအတွက် အထင်ရှားဆုံးသော လိုအပ်ချက်မှာ ပစ္စည်းနှင့် ငွေကြေးထောက်ပံ့ကူညီပေးရန်ဖြစ်ပြီး၊ ပညာရေး၏ အရေးကြီးပုံကို မိဘအုပ်ထိန်းသူများက အသိအမြင်နိုးကြားစေရန်လည်း လိုအပ်ကြောင်း ဖြေကြားခဲ့သည်။ ထို့နောက် ဆရာ/မများနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သော ပညာရေး ဖြစ်စေရန်အတွက် ဆရာ/မများကို ပိုမိုခန့်အပ်ရန်နှင့် ဆရာ/မများ (အထူးသဖြင့် လုပ်အားပေး ဆရာ/မများ)အား သင်တန်းများထောက်ပံ့ပေးရန်ဟူသော လိုအပ်ချက် ၂ ခုကို ဖြေကြားခဲ့ကြသည်။ ပညာရေးနှင့်စပ်လျဉ်း၍ အဓိက သတင်းပေးသူများအား တွေ့ဆုံမေးမြန်းမှုများ (KIIs) တွင် ဆင်တူသော ရလဒ်များကို ထောက်ပံ့ပေးခဲ့ကြသည်။ ကလေးများနှင့် တိုင်ပင်ဆွေးနွေးပွဲများတွင်လည်း ပညာရေး၏ အရေးကြီးမှုကို တန်ဖိုးမထားခြင်းသည် ကျောင်းဆက်မတက်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး၊ ယင်းအချက်ကပင် ပညာရေးနှင့်စပ်လျဉ်း၍ ကလေးများနှင့် မိဘများ၏ အသိအမြင် နိုးကြား စေရန် လိုအပ်ကြောင်းကို မီးမောင်းထိုးပြနေပါသည်။
- ကျောင်းများအား စစ်တမ်းကောက်ယူခြင်း (School Survey) ရလဒ်များအရ၊ ဘာသာစကားဆိုင်ရာ အတားအဆီးများသည် ပညာသင်ယူရေးအတွက် သိသာထင်ရှားသော စိန်ခေါ်မှုတစ်ခုဖြစ်နေပြီး၊ ကျောင်းများအနက် ၂၈% သည် သင်ကြားရေးတွင် အသုံးပြုသည့် ဘာသာစကားကို မပြောတတ်သော ကျောင်းသား/သူ အနည်းဆုံးတစ်ဦးရှိကြောင်း အစီရင်ခံခဲ့ကြသည်။
- ပညာရေးနှင့်စပ်လျဉ်း၍ KII နည်းလမ်းဖြင့် လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ်များအနက် ထက်ဝက်ခန့်တွင်၊ မသန်စွမ်းသူ မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ပညာရေးဝန်ဆောင်မှုများကို ရယူရာတွင် အခက်အခဲများကို ရင်ဆိုင်နေရကြောင်း အစီရင်ခံထားပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ်များတွင် အများဆုံးအစီရင်ခံခဲ့သည့် အခက်အခဲမှာ မသန်စွမ်းသူ မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် လိုက်လျောညီထွေရှိသော အခြေခံအဆောက်အအုံများ မရှိခြင်း ဖြစ်သည်။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများ အနက် ၄၅% တွင် မသန်စွမ်းသူများ သွားလာသင်ယူနိုင်သော စာသင်ခန်းများမရှိကြဘဲ၊ ၈၀ % တွင် သွားလာမှု သို့မဟုတ် အမြင်အာရုံအခက်အခဲရှိနေသူများအတွက် သီးသန့်ထောက်ပံ့ပေးထားသည့် အိမ်သာ များ မရှိကြပါ။ ထို့အတူပင် လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၄၅ % တွင် မသန်စွမ်းသူ ကလေးများ အသုံးပြုနိုင်သည့် လက်ဆေးကန်များ မရှိကြဘဲ၊ ကျောင်း ၅၀% နီးပါးတွင် မသန်စွမ်းသူများ အတွက် အပန်းဖြေကစားရန် နေရာများ မရှိကြပါ။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၆၀% နီးပါး တွင် ဆရာ/မအားလုံး သို့မဟုတ် အားလုံးနီးပါးကို မသန်စွမ်းသူကလေးငယ်များ၏ လိုအပ်ချက်များအား ပံ့ပိုးဆောင်ရွက်ပေးရန် လေ့ကျင့်သင်တန်းပေးထားခြင်းမရှိကြောင်း အစီရင်ခံထားပါသည်။

- ပညာရေးနှင့်စပ်လျဉ်း၍ KII နည်းလမ်းဖြင့် လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ် ၂၆ မြို့နယ်အနက်၊ ကျောင်းတိုင်း သို့မဟုတ် (ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးရှိ) ကျောင်းတိုင်းနီးပါးတွင် ကျောင်းအပ်ထားသော IDP ကလေးငယ် မရှိသည့် မြို့နယ်မှာ နှစ်မြို့နယ်သာ ရှိကြောင်း တွေ့ရှိရ သည်။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၃၅% တွင် နေရပ်စွန့်ခွာရသူ (IDP) ကလေးငယ် အနည်းဆုံး တစ်ဦးကို ကျောင်းအပ်ထားကြောင်း တွေ့ရှိရသည်။ IDP ကလေးငယ်များရှိနေသည့် ကျောင်းများအနက် အများစု (၈၂%) က ကိုဗစ်(၁၉) မတိုင်မီ ပညာသင်နှစ် (၂၀၁၉-၂၀၂၀) နှင့် နှိုင်းယှဉ်လျှင် လက်ရှိ ပညာသင်နှစ် (၂၀၂၂-၂၀၂၃) တွင် ကျောင်းအပ်နှံထားသော IDP ကလေးငယ်အရေအတွက် တိုးလာကြောင်း အစီရင်ခံခဲ့ကြသည်။ ကျောင်းအပ်နှံထားသည့် ကျောင်းသား/သူများအနက် ၁၃% သည် လွန်ခဲ့သော နှစ်နှစ် အတွင်း နေရပ်စွန့်ခွာခဲ့ရသည့် ကလေးသူငယ်များဖြစ်ကြောင်း တွေ့ရှိရသည်။
- IDP ကျောင်းသား/သူများရှိနေသည့် စာသင်ကျောင်းများအား IDP ကျောင်းသား/သူများ ရင်ဆိုင်ရသည့် ပညာသင်ယူရေးဆိုင်ရာ ထပ်တိုးစိန်ခေါ်မှုများအကြောင်းကို မေးမြန်းခဲ့ရာ၊ ကျောင်းများအနက် ၁၈% ကသာ IDP ကျောင်းသား/သူများတွင် သူတို့၏ အခြေအနေနှင့်ဆက်စပ်နေသည့် ပညာသင်ယူရေးဆိုင်ရာ ထပ်တိုး စိန်ခေါ်မှုများ မရှိကြောင်း ဖြေကြားခဲ့သည်။ အများဆုံးဖြေကြားခဲ့သည့် IDP ကျောင်းသား/သူများ အတွက် စိန်ခေါ်မှုများမှာ ငွေကြေးရင်းမြစ်များမရှိခြင်း (၂၄%)၊ ဘာသာစကားအခက်အခဲရှိခြင်း (၂၃%)၊ ကျောင်းမတက်ခဲ့ရသည့်အတွက် စာလိုက်နိုင်ရန် အခက်အခဲရှိခြင်း (၂၂%) နှင့် စာရွက်စာတမ်းမရှိခြင်း (၂၀%)တို့ဖြစ်ကြသည်။
- အထက်တန်းကျောင်း တက်ရောက်နိုင်သော အသက်အရွယ်ရှိသည့် (အသက် ၁၄ နှစ်မှ ၁၇ နှစ်ကြား) ကလေးများနှင့် တိုင်ပင်ဆွေးနွေးမှုများအရ၊ ဆယ်ကျော်သက်ရွယ် ယောကျ်ားလေးများနှင့် မိန်းကလေးများ ကျောင်းဆက်မတက်ရခြင်းအတွက် ထိပ်ဆုံးအကြောင်းပြချက် ငါးခုမှာ (၁) ကလေးများက ပညာရေး၏ အရေးကြီးပုံကို သိမြင်မှုမရှိခြင်း (၂) ငွေရေးကြေးရေးအကြောင်းပြချက်များ (၃) နိုင်ငံရေး အခြေအနေ (၄) စာသင်ကျောင်းနှင့် အကွာအဝေး လှမ်းနေခြင်းနှင့် (၅) ရှိသင့်သည့် အတန်းအောက် နိမ့်၍ တက်ရခြင်းတို့ ဖြစ်ကြသည်။ ထို့အပြင်၊ ကလေးများက ဖော်ပြထားသည့် အခြားအကြောင်းပြချက်များတွင် ကလေးသူငယ် ထိမ်းမြား လက်ထပ်ခြင်အပြင် ညီငယ်/နှမငယ်/မောင်ငယ်များ၏ ပညာရေးကို ဦးစားပေးရန် လိုအပ်ခြင်းတို့လည်း ပါဝင်ကြသည်။

**ပညာသင်ကြားရေးနှင့် သင်ယူရေးအခြေအနေများ**

- ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်းတွင်၊ လက်ရှိအာဏာပိုင်များက ကိုဗစ်(၁၉) တတိယလှိုင်းကို တုံ့ပြန်သည့် အနေဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှစ၍ အစိုးရကျောင်းအားလုံးကို ပိတ်ခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျောင်းများကို ပြန်ဖွင့်ရန်ညွှန်ကြားခဲ့သည့်အတွက် ကျောင်းပိတ်ချိန် ၁၆ ပတ်ခန့် ကြာမြင့်ခဲ့သည်။ သို့ရာတွင် လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများသည်

ပျမ်းမျှအားဖြင့် ၂၅ ပတ် ကြာမျှ ပိတ်ထားခဲ့ပြီး၊ အချို့ကျောင်းများမှာ ပညာသင်နှစ်တစ်နှစ်လုံး (၃၆ ပတ်ကြာမျှ) ပိတ်ထားခဲ့သည်။ ကျောင်းပိတ်ခဲ့ရသည့် အဓိကအကြောင်းရင်းများမှာ COVID - 19 (COVID – 19 ရောဂါပိုး သို့မဟုတ် အမှန်တကယ်ကူးစက်မှုများကို ကြောက်ရွံ့ခြင်း)၊ ပဋိပက္ခများ (နယ်မြေအတွင်း လုံခြုံမှု မရှိခြင်း သို့မဟုတ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုများ)နှင့် ဆရာ/မ မရှိခြင်းတို့ ဖြစ်ကြသည်။ အဓိက သတင်းပေးသူ (KI) မိဘအုပ်ထိန်းသူများအနက် ၇၅% ခန့်က COVID – 19 သည် မိမိတို့ ကလေးများ၏ ပညာရေး ရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိကြောင်းနှင့် ၆၆% ခန့်က နိုင်ငံရေး အပြောင်းအလဲကြောင့် ဆိုးကျိုး သက်ရောက်မှုများရှိကြောင်း အစီရင်ခံခဲ့ကြသည်။

- အထက်ဖော်ပြပါ နိုင်ငံရေးအခြေအနေ၏ အကျိုးသက်ရောက်မှုကို ကျောင်းဆက်မတက်ရခြင်း၏ တတိယအကြောင်းအရင်းအဖြစ် ကလေးများက ဖော်ပြခဲ့သည့်အပြင် ကလေးများနှင့် တိုင်ပင်ဆွေးနွေးမှုများအရ ကိုဗစ်(၁၉) ရောဂါသည်လည်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် ကလေးများ၏ ကျန်းမာပျော်ရွှင်ရေးကို ထိခိုက်စေခဲ့ပြီး၊ ပညာသင်ကြားရန် အခွင့်အရေးကို လျော့ကျစေခဲ့ကြောင်း ဖော်ပြခဲ့ကြပါသည်။ ကလေးများက ကျောင်းများပိတ်ထားခြင်းကြောင့် ထိခိုက်ခံစားခဲ့ရပြီး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်နိုင်သူများ တိုးလာကြောင်းနှင့် ကျောင်းများ ပြန်ပိတ်မည်ကို ကြောက်ရွံ့မိကြောင်း ဖော်ပြခဲ့ကြသည်။
- အဓိကသတင်းပေးသူများ (KI) အဖြစ် မေးမြန်းခဲ့သည့် မိဘအုပ်ထိန်းသူများက နိုင်ငံရေး အပြောင်းအလဲကြောင့် မိမိတို့ကလေးများ၏ ပညာသင်ယူမှုအပေါ် ဆိုးကျိုးသက်ရောက်ခဲ့ကြောင်း အစီရင်ခံခဲ့ကြသည်။ ပဋိပက္ခကြောင့် ကျောင်းပေါင်းများစွာက တစ်ခါတစ်ခါ ပိတ်သိမ်းနေရပြီး အုပ်ထိန်းသူများက ကလေးများ၏ ဘေးကင်းလုံခြုံရေးကို စိုးရိမ်သောကြောင့် ၎င်းတို့အား ကျောင်းသို့မလွှတ်ရန် ရွေးချယ်ကြသောကြောင့် KI ဖြစ်သော အုပ်ထိန်းသူအများစုသည် ဘေးကင်းလုံခြုံရေးကို စိုးရိမ်ရခြင်းက အဓိကအကြောင်းရင်း တစ်ချက်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများသည် အဓိက အကြောင်းရင်းဖြစ်သည်ဟူသော အချက်ကို တိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည့် ကလေးများ ကလည်း ထပ်လောင်းပြောကြားခဲ့ကြသည်။ KI အဖြစ်မေးမြန်းခဲ့သည့် မိဘအုပ်ထိန်းသူများစွာနှင့် တိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည့် ကလေးများစွာတို့ကလည်း ကျောင်းများ ပိတ်ထားခြင်းကြောင့် မိမိတို့ကလေးများ၏ ယခင်ကအသိပညာအဆင့်အတန်းအပေါ် ဆိုးကျိုး သက်ရောက်ခဲ့ပြီး၊ ပညာသင်ယူရန် စိတ်အားထက်သန်မှု မရှိတော့ကြောင်းနှင့် ကျောင်းပြန်တက်ချိန်တွင် သင်ကြားသည့် စာများကို လိုက်နိုင်ရန် အခက်အခဲ တွေ့ခဲ့ကြောင်း မှတ်ချက်ပြုခဲ့ကြပါသည်။ ထို့အပြင် ပဋိပက္ခအခြေအနေသည် ကလေးများ၏ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိခဲ့ပြီး၊ အကျိုးဆက်အဖြစ် ကလေးများ၏ ပညာသင်ယူနိုင်စွမ်းကို ထိခိုက်စေခဲ့သည်။ "*ကလေးတွေက ကြောက်ရွံ့နေကြတယ်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နေကြပြီး မပျော်ရွှင်ကြဘူး*" ဟု

အုပ်ထိန်းသူတစ်ဦးက ပြောကြားခဲ့သည်။ နောက်ဆုံးအနေဖြင့် အချို့သော KI အုပ်ထိန်းသူများက ပဋိပက္ခကြောင့် ဆရာ/ဆရာမ များ မရှိကြောင်း သို့မဟုတ် သင်ကြားရေး၏ အရည်အသွေးနိမ့်ကျသွားကြောင်း တင်ပြခဲ့ကြသည်။ ဥပမာအားဖြင့် မိဘအုပ်ထိန်းသူတစ်ဦးက *"အခုလက်ရှိ အလုပ်လုပ်နေတဲ့ ဆရာတွေ၊ ဆရာမတွေက အထက်တန်း လောက်ဘဲ အောင်ထားတာ၊ အဲဒီတော့ နိုင်ငံရေး အပြောင်းအလဲမဖြစ်ခင်က ဆရာ/ဆရာမ တွေနဲ့ နှိုင်းယှဉ်လိုက်ရင် လက်ရှိဆရာ/ဆရာမတွေရဲ့ သင်ကြားရေး အရည်အချင်းက ပိုနိမ့်နေတယ်"* ဟု ပြောကြားခဲ့ပါသည်။

**ပညာသင်ယူသည့် ပတ်ဝန်းကျင်**

- လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် အများစု (၇၀%) သည် လုံးဝပြီးစီးထားသော အဆောက်အဦ:တွင် ဖွင့်လှစ်သင်ကြားကြောင်း အစီရင်ခံခဲ့သည်။ ဤအချိုးမှာ ပညာရေးစာသင်ကျောင်းများ (formal schools) တွင် (၈၅%ဖြင့်) ပိုမိုများပြားပြီး ၊ အလွတ်သဘောပညာသင်ကျောင်းများ (informal schools) တွင် (၆၇ % ဖြင့်) အနည်းငယ်ပိုနည်းသည်။
- ခြုံငုံကြည့်ပါက၊ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများရှိ စာသင်ခန်းများအနက် ၁၈% သည် ရွက်ဖျင်တဲများ သို့မဟုတ် ယာယီအဆောက်အဦ:များ (အဆောက်အဦ:၏ အစိတ်အပိုင်းအချို့ကို သွပ်မိုး၊ ဝါးထရံကာစသည့် ကြာရှည်မခံသော ပစ္စည်းများဟု ရှုမြင်သော အရာများဖြင့် ပြုလုပ်ထားသည်) ဖြစ်ကြောင်း အစီရင်ခံထား ပါသည်။
- သန့်စင်ခန်းများနှင့်စပ်လျဉ်း၍၊ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများတွင် ပျမ်းမျှအားဖြင့် ကျောင်းသား/သူ ၅၃ ဦးလျှင် သန့်စင်ခန်းတစ်ခန်းရှိကြောင်း အစီရင်ခံထားပြီး၊ အလွတ်သဘောပညာသင်ကျောင်းများ (informal schools) တွင် ဤအချိုးမှာ ပိုမိုမြင့်မားသည်။ ခြုံငုံကြည့်ပါက စာသင်ကျောင်းများအတွက် WASH ဆိုင်ရာ Sphere Standard စံချိန်စံညွှန်း[2]နှင့်နှိုင်းယှဉ်ပါက၊ အထူးသဖြင့် မိန်းကလေးများအတွက် ဤအချိုးမှာ အလွန်မြင့်မားနေပါသည်။ ထို့အပြင် ကျောင်းများ၏ ၆၆% တွင် အိမ်သာများကို ကလေးများနှင့် အရွယ်ရောက်သူများအတွက် သီးသန့်ခွဲခြားထားခြင်းမရှိကြောင်း၊ ကျောင်းများ၏ ၄၅% တွင် အိမ်သာများကို ကျား/မ သီးသန့်ခွဲခြားထားခြင်း မရှိကြောင်းနှင့် ကျောင်းများ၏ ၂၇% တွင် အိမ်သာများကို အတွင်းမှ ပိတ်၍ မရကြောင်း အစီရင်ခံထားသည်။ ဤအခြေအနေများရှိနေသော

---

[2] Sphere စံချိန်စံညွှန်းများအရ ကျောင်းများတွင် ကာလတိုနှင့်ရေရှည် နှစ်မျိုးလုံးအတွက် အနိမ့်ဆုံးရှိရမည့်အိမ်သာ အရေအတွက်မှာ မိန်းကလေး ၃၀ ဦးလျှင် တစ်လုံးနှုန်းနှင့် ယောကျ်ားလေး ၆၀ ဦးလျှင် တစ်လုံးနှုန်းဖြစ်ကြောင်း သတ်မှတ်ထားသည်။ ဤလေ့လာမှုတွင် ကျောင်းများစွာတို့က အိမ်သာများကို ကျား/မအလိုက် သီးသန့်ခွဲထားခြင်းမရှိကြောင်း အစီရင်ခံထားသည့် အတွက် မိန်းကလေးနှင့် ယောကျ်ားလေးဦးရေအလိုက် အိမ်သာအရေအတွက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို မခန့်မှန်းနိုင်ခဲ့ပါ။

သန့်စင်ခန်းများသည် အထူးသဖြင့် မိန်းကလေးများအပါအဝင် အသုံးပြုသူများအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် GBV ဆိုင်ရာ စိုးရိမ်မှုများ ကို ပိုဆိုးစေပါလိမ့်မည်။

- ထို့အပြင် လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၁၆% တွင်သာ သွားလာရန်ခက်ခဲသောသူ သို့မဟုတ် အမြင်အာရုံချို့တဲ့သူများ က အသုံးပြုနိုင်သည့် အိမ်သာ အနည်းဆုံး တစ်လုံး ရှိကြောင်း အစီရင်ခံထားပါသည်။
- လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် အများစု (၆၀ %) တွင် လက်ရှိ လည်ပတ်ဆောင်ရွက်နေသော အာဟာရကျွေးမွေးခြင်းအစီအစဉ် မရှိကြောင်း အစီရင်ခံထားပြီး၊ အာဟာရကျွေးမွေးခြင်းအစီအစဉ် ဆောင်ရွက်နေသည့် ကျောင်းများ (၄၀%) အနက် အားလုံးတွင် နေ့စဉ်ကျွေးမွေးခြင်း သို့မဟုတ် လုံလောက်သောပမာဏကျွေးမွေးခြင်းကို မပြုလုပ်ပေးနိုင်ကြောင်း အစီရင်ခံထားသည်။

**ဆရာ/ဆရာမများနှင့် အခြား ပညာရေးဝန်ထမ်းများ**

- စာသင်ခန်းနှင့် ကျောင်းသားပျမ်းမျှအချိုးသည် စာသင်ချိန်တစ်ချိန်လျှင် (၂၈) ဦးဖြစ်ကြောင်း အစီရင်ခံထား သည်။ ဤအချိုးသည် ပညာရေးစာသင်ကျောင်း သို့မဟုတ် အလွတ်သဘောပညာသင်ကျောင်း အပေါ်မူတည်၍ ကွဲပြား နေပြီး၊ ပညာရေးစာသင်ကျောင်းများ၏ စာသင်ခန်းနှင့် ကျောင်းသား ပျမ်းမျှအချိုး (၁၉ ဦး) သည် အလွတ် ပညာသင်ကျောင်းများ (၃၂ ဦး) ထက် ပိုနည်းကြောင်း မှတ်တမ်းတင်ထားပါသည်။ သို့သော် အလွတ် ပညာသင်ကျောင်းများအကြားတွင်ပင်၊ ရခိုင်ပြည်နယ်တွင် အခိကတည်ရှိသည့် ယာယီသင်ကြားရေး စင်တာများ (TLC) ၌ ဤအချိုးမှာ ၉၈ ဦးအထိ အလွန်အမင်းမြင့်မားနေကြောင်း တွေ့ရှိရသည်။
- လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ် (၈) မြို့နယ်တွင် ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သည့် KIs များက သူတို့၏ မြို့နယ်များ၌ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာ/ဆရာမများအနက် အနည်းဆုံး ၅၀% သည် နိုင်ငံရေး ပြောင်းလဲမှုဖြစ်ပေါ် ပြီး နောက်ပိုင်းမှသာ ဆရာ/ဆရာမများအနေဖြင့် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ကျောင်းများအား စစ်တမ်းကောက်ယူခြင်း (school survey) ရလဒ်များအရလည်း ဤတွေ့ရှိချက်ကို အထောက်အထားများဖြင့် ထောက်ခံပေးနေသည်။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများတွင် လက်ရှိ အလုပ်လုပ်နေသည့် ဆရာ/ဆရာမများအနက် ပျမ်းမျှ ၄၇% သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင်မှ အလုပ်စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဤအချက်က အသစ်ဝင်ရောက်လာ သော ဆရာ/ဆရာမများအားလုံးသည် ယခင်က အခြားကျောင်းများတွင် အလုပ်လုပ်ခဲ့ဖူးခြင်း မရှိဟု မဆိုလို သော်လည်း၊ နိုင်ငံရေး ပြောင်းလဲခြင်းနှင့် ပြည်သူလူထုလှုပ်ရှားမှု ဖြစ်ပေါ် ပြီးနောက်ပိုင်းတွင် သိသာထင်ရှားသော ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ကြောင်း ဖော်ပြနေပါသည်။

- လေ့လာဆန်းစစ်ခဲ့သည့်ကျောင်းများမှ ဆရာ/ဆရာမများအနက် ပျမ်းမျှ ၃၀% တွင်သာ အနိမ့်ဆုံးရှိရမည့် သင်ကြားရေးအရည်အချင်းများ (ဆိုလိုသည်မှာ အနည်းဆုံးအားဖြင့် ပညာရေးတက္ကသိုလ်မှ ဘွဲ့ရရှိထားခြင်း သို့မဟုတ် သင်ကြားရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာတစ်ခုခုရရှိထားခြင်း) ကို ပြည့်မီကြောင်းတွေ့ရှိရသည်။ ထို့အပြင် လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၄၀% က ဆရာ/ဆရာမများအား ခန့်အပ်ရာတွင် ရှင်းလင်းတိကျသော ရွေးချယ်ရေး စံသတ်မှတ်ချက်များမရှိကြောင်း အစီရင်ခံခဲ့သည်။
- လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၁၂% တွင် ဆရာ/ဆရာမ အားလုံး (သို့မဟုတ် အားလုံးနီးပါး) တို့သည် အချက်အလက်မကောက်ယူမီ လအတွက် လစာများကို မရရှိခဲ့ကြပါ။ ထို့အပြင် လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၄၀% ခန့်နှင့် လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ်များအနက် ထက်ဝက်ခန့် တို့တွင် အချက်အလက်မကောက်ယူမီ လအတွက် လစာငွေမရရှိခဲ့သည့် ဆရာ/ဆရာမ အနည်းဆုံး တစ်ဦး ရှိခဲ့သည်။
- လစာရရှိခဲ့သည့် ဆရာ/ဆရာမများ၏ ပျမ်းမျှလစာငွေမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် တစ်လလျှင် ၁၄၂၆၀၀ ကျပ်ခန့်ဖြစ်ကြောင်း လေ့လာဆန်းစစ်ခဲ့သည့်ကျောင်းများက အစီရင်ခံထားသည်။ ဤပမာဏမှာ အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ပါက ၆၇ ဒေါ်လာခန့်နှင့် ညီမျှပြီး၊ တစ်ပတ်လျှင် ပျမ်းမျှအလုပ်လုပ်ချိန် ၂၇ နာရီအတွက်ဖြစ်သည်။ ဆရာ/ဆရာမများအတွက် လစာငွေနည်းပါးခြင်းနှင့် သင်တန်းအခွင့်အလမ်းများ မရှိခြင်းတို့သည် မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်မီသော ဆရာ/ဆရာမများ မလုံလောက်ခြင်းကို ဖြစ်စေသည့် အချက်များ ဖြစ်နိုင်ပါသည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး**

- လေ့လာဆန်းစစ်ခဲ့သည့် မြို့နယ်များအားလုံးတွင် KIs များအားလုံးက ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု ဖြစ်ရပ်များကို ဖော်ပြခဲ့ပြီး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်းသည့် KIs များက ဤအချက်ကို ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေ အဖြစ် အများဆုံးတင်ပြခဲ့ကြသည်။ ကလေးများနှင့် တိုင်ပင်ဆွေးနွေးပွဲများတွင်လည်း ကလေးသူငယ်လက်ထပ်ထိမ်းမြားမှုကို ဖော်ပြခဲ့ကြပြီး၊ ကျောင်းဆက်မတက်ရခြင်း၏ (၆) ခုမြောက် အကြောင်းရင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ မိန်းကလေးများက ရပ်ရွာအသိုင်းအဝိုင်းအတွင်းတွင် မလုံခြုံဟု ခံစားရခြင်းသည်လည်း (မြို့နယ် ၂၅ မြို့နယ်အနက် ၁၉ မြို့နယ်တွင် အစီရင်ခံထားသည်) အများဆုံးအစီရင်ခံထားသော ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများတွင် ပါဝင်နေသည်။ ဒုတိယ အများဆုံးအစီရင်ခံထားသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေမှာ မိန်းကလေးနှင့် ယောကျာ်းလေး နှစ်မျိုးလုံးပါဝင်သည့် ကလေးလုပ်သားပြဿနာဖြစ်သည် (ကလေးလုပ်သား

ဖြစ်ရပ်များကို မြို့နယ် ၂၅ မြို့နယ်အနက် ၂၂ မြို့နယ်တွင် အစီရင်ခံခဲ့ကြသည်)။ ကလေးများနှင့် တိုင်ပင်ဆွေးနွေးပွဲများမှ တွေ့ရှိချက်များအရလည်း မိန်းကလေးနှင့် ယောကျ်ားလေးနှစ်မျိုးလုံးတို့သည် မိမိတို့၏ နေအိမ်တွင်ဖြစ်စေ၊ နေအိမ်ပြင်ပတွင်ဖြစ်စေ ကလေးလုပ်သားအဖြစ် အတော်အသင့် ပါဝင်နေကြကြောင်း ညွှန်ပြနေသည်။ ထို့အပြင်၊ တွေ့ရှိချက်များအရ ကလေးသူငယ်များ၏ အားလပ်ချိန်အများစုတွင် အိမ်အလုပ်များကို ဆောင်ရွက်ရကြောင်း ဖော်ပြနေပါသည်။

မိန်းကလေးများနှင့် ယောကျ်ားလေးများက အလုပ်တွင် ပါဝင်လုပ်ကိုင်နေရသောအခါ

- (အထူးသဖြင့် ပြင်ပရှိ အရွယ်ရောက်ပြီးသူများနှင့် ဆက်သွယ်ထိတွေ့ရသောအခါ)တွင် ဖော်ပြခဲ့သည့် လုပ်ဆောင်ချက်များသည် အန္တရာယ်ရှိနိုင်သည့်အတွက် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ရှိလာပါသည်။ အချို့ကလေးများအား ၎င်းတို့မိသားစုက လုပ်ငန်းတာဝန်များစွာကို ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြပြီး ထိုကလေးများသည် ကလေးသူငယ်အပေါ် အကြမ်းဖက်မှုအပါအဝင် မိသားစုတွင်း ရန်လိုတုံ့ပြန်မှု ခံရမည်ကို ကြောက်ရွံ့နေကြသည်။
- ကလေးငယ်များ၏ နေ့စဉ်ပုံမှန်ဘဝတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လမ်းသွားလမ်းလာယာဉ်များ၊ အိမ်တွင်း အကြမ်းဖက်မှု၊ အခြားသူများ၏ ရိုင်းစိုင်းအကြမ်းဖက်သော အပြုအမူများ (ကိုယ်အမူအရာအားဖြင့်၊ နှုတ်အားဖြင့်) အား ကြောက်လန့်နေရကြောင်း ကလေးများက ဖော်ပြခဲ့ကြသည်။ အချို့သော ကလေးငယ် များသည် ပဋိပက္ခ၏ သက်ရောက်မှုများကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြောင်း အတည်ပြု ပြောကြားခဲ့ကြသည်။
- မြို့နယ် အနီးတဝိုက်ရှိ လက်နက်ကိုင်အုပ်စုများ သို့မဟုတ် တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမိသည့် ကလေးများ၏ ဖြစ်ရပ်များသည်လည်း (မြို့နယ် ၁၇ မြို့နယ်တွင်) အများဆုံး အစီရင်ခံခဲ့သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများတွင် ပါဝင်နေသည်။ လက်နက် ကိုင်တပ်ဖွဲ့များ၊ လက်နက်ကိုင်အုပ်စုများက ယောကျ်ားလေးနှင့် မိန်းကလေးနှစ်မျိုးလုံးကို လူသစ် စုဆောင်းနေခြင်းသည် အကြိမ်ရေအများဆုံးအစီရင်ခံထားသည့် အန္တရာယ်ဖြစ်နိုင်ခြေများထဲတွင် ပါဝင် နေပြီး၊ မိဘအုပ်ထိန်းသူ KIs များအနက် ၂၅% က ဤဖြစ်ရပ်ကို ကျောင်းပြင်ပတွင်ရှိနေသော မိန်းကလေးနှင့် ယောကျ်ားလေးနှစ်မျိုးလုံးအတွက် စိုးရိမ်မှုတစ်ခုအဖြစ် အစီရင်ခံခဲ့သည်။
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ မိမိတို့ဒေသတွင်းရှိ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့်စပ်လျဉ်းသည့် အလားအလာလမ်းကြောင်းများကို မေးမြန်းခဲ့ရာ၊ မြို့နယ်အများစုတို့တွင် ကလေးလုပ်သားအဖြစ်စေခိုင်းခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ/

လက်နက်ကိုင်အုပ်စု များက ကလေးများအား လူသစ်စုဆောင်းခြင်းနှင့် ဥပဒေမဲ့ဖမ်းဆီးခြင်းတို့ တိုးလာကြောင်း KIs များက အစီရင်ခံခဲ့ကြသည်။

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် KIs များအား ကျောင်းတွင်းနှင့် ကျောင်းပြင်ပရှိ မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိက အန္တရာယ် ဖြစ်နိုင်ခြေများ အကြောင်းကို မေးမြန်းခဲ့ရာတွင် အောက်ပါတို့ကို တွေ့ရှိရသည် -
  - **မိန်းကလေးများနှင့်ပတ်သက်၍** - ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းသည် ကျောင်းတွင်းနှင့် ကျောင်းပြင်ပနှစ်မျိုးလုံးရှိ မိန်းကလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိက စိုးရိမ်မှု များအနက် တစ်ခုဖြစ်နေဟန်ရှိသည်။ သို့ရာတွင် ကျောင်းပြင်ပရှိ မိန်းကလေးများအတွက် ဤအန္တရာယ်က ပိုမိုမြင့်မားကြောင်း တင်ပြခဲ့ကြသည်။ ကိုယ်အမူအရာအားဖြင့် သို့မဟုတ် နှုတ်အားဖြင့် ထိပါးနှောင့်ယှက်ခြင်း/(လိင်ပိုင်းဆိုင်ရာမဟုတ်သည့်) အကြမ်းဖက်ခြင်းတို့ကြောင့် ခံစားရခြင်းသည်လည်း မိန်းကလေးများအတွက် အဓိကစိုးရိမ်မှုတစ်ခုဖြစ်နေပါသည်။ ကလေးလုပ်သား အဖြစ် စေခိုင်းခံရခြင်းကို “ကျောင်းတွင်းရှိ မိန်းကလေးများ” (၂၅ မြို့နယ်အနက် ၅ မြို့နယ်တွင် တွေ့ရှိရသည်) ထက် “ကျောင်းပြင်ပရှိ မိန်းကလေးများ” (၂၅ မြို့နယ်အနက် ၁၀ မြို့နယ်တွင် တွေ့ရှိရသည်) အတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုအဖြစ် ပိုမိုအစီရင်ခံထားကြ သည်။ လေ့လာဆန်းစစ်ခဲ့သည့် ဒေသရှိ မိဘအုပ်ထိန်းသူ KIs များအနက် ၆၀% က ကျောင်းပြင်ပရှိ မိန်းကလေးများအား ကလေးလုပ်သားအဖြစ်စေခိုင်းခံရမည်ကို စိုးရိမ်ကြောင်း အစီရင်ခံခဲ့ကြသည်။ ထို့အတူပင်၊ (အဓမ္မပြုကျင့်မှုများနှင့် လိင်လုပ်သားအဖြစ် အတင်းအကျပ်စေခိုင်းခြင်းတို့အပါအဝင်) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကိုလည်း ကျောင်းပြင်ပရှိ မိန်းကလေးများအတွက် မြို့နယ် ၈ မြို့နယ်တွင် လည်းကောင်း၊ ကျောင်းတွင်းရှိ မိန်းကလေးများအတွက် မြို့နယ် ၅ မြို့နယ်တွင် လည်းကောင်း ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကအန္တရာယ် ဖြစ်နိုင်ခြေတစ်ခုအဖြစ် အစီရင်ခံခဲ့ ကြသည်။
  - မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အလွဲသုံးစားပြုခံရခြင်းသည် အထူးသဖြင့် ကရင်ပြည်နယ်တွင် ကျောင်းတက်ခြင်း/မတက်ခြင်းအခြေအနေနှင့် သက်ဆိုင်ခြင်းမရှိဘဲ ယောကျ်ားလေးတိုင်းအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကစိုးရိမ်မှုများအနက် တစ်ခုဖြစ်နေဟန်ရှိသည်။
  - ပညာရေးအခြေအနေနှင့်သက်ဆိုင်ခြင်းမရှိဘဲ လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်အန္တရာယ်များနှင့် ကိုယ်အမူအရာအားဖြင့် သို့မဟုတ် နှုတ်အားဖြင့် ထိပါးနှောင့်ယှက်ခြင်း/(လိင်ပိုင်းဆိုင်ရာမဟုတ်သည့်) အကြမ်းဖက်ခြင်းတို့ကြောင့် (မိန်းကလေးများနည်းတူ) ခံစားရခြင်းသည်လည်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကစိုးရိမ်မှုတစ်ခုဖြစ်ကြောင်း KIs များက

အစီရင်ခံထားသည်။ မိန်းကလေးများနည်းတူပင်၊ ကလေးလုပ်သားအဖြစ် စေခိုင်းခံရခြင်းကို "ကျောင်းတွင်းရှိ ယောကျ်ားလေးများ" (၂၅ မြို့နယ်အနက် ၄ မြို့နယ်တွင် တွေ့ရှိရသည်) ထက် "ကျောင်းပြင်ပရှိ ယောကျ်ားလေးများ" (၂၅ မြို့နယ်အနက် ၇ မြို့နယ်တွင် တွေ့ရှိရသည်) အတွက် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုအဖြစ် ပိုမိုအစီရင်ခံထားကြသည်။ လေ့လာဆန်းစစ်ခဲ့သည့် ဒေသရှိ မိဘအုပ်ထိန်းသူ KIs များအနက် ၆၃% က ကျောင်းပြင်ပရှိ ယောကျ်ားလေးများအား ကလေးလုပ်သားအဖြစ်စေခိုင်းခံရမည်ကို စိုးရိမ်ကြောင်း အစီရင်ခံခဲ့ကြသည်။ ကလေးသူငယ် လက်ထပ်ထိမ်းမြားခြင်းကိုလည်း ယောကျ်ားလေးများအတွက် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေတစ်ခုအဖြစ် အစီရင်ခံထားသည်၊ သို့သော် ဤအန္တရာယ်ဖြစ်နိုင်ခြေမှာ မိန်းကလေးများအတွက် စိုးရိမ်မှု ပိုဖြစ်နိုင်ပါသည်။

- ဦးတည်အုပ်စုလိုက်ဆွေးနွေးပွဲများတွင် ကလေးများ ဖော်ပြခဲ့သည့် သတင်းအချက်အလက်များအရ ဤဆယ်ကျော်သက်ကလေးများ၏ ဘဝများတွင် ကျား/မ ဆိုင်ရာအရွေ့များ၏ သက်ရောက်မှုကြောင့် လုပ်ငန်းတာဝန် ခွဲခြားမှုများရှိနေပြီး သမားရိုးကျ ကျား/မ စံနှုန်းများကို ဖြစ်ပေါ်စေသည်။ ဆိုလိုသည်မှာ ယောကျ်ားလေးများက အိမ်ခြံပြင်ပတွင် ကာယလုပ်ငန်းများကို ပြုလုပ်၍ မိသားစုကို ကူညီကြရပြီး မိန်းကလေးများက အိမ်မှုကိစ္စများကို အများစု ပြုလုပ်၍ မိသားစုကို ကူညီကြရသည်။
- ယောကျ်ားလေးများက ကာယခွန်အား စိုက်ထုတ်ရသည့် လုပ်ငန်းများ (ငါးဖမ်းခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း၊ ကျွဲနွားကျောင်းခြင်း၊ ရေခပ်ခြင်းစသည့်လုပ်ငန်းများ)ကို ဆောင်ရွက်ရသည်။ မိန်းကလေးများကမူ ပိုမိုသိမ်မွေ့သော အိမ်တွင်းလုပ်ငန်းများ (အိမ်မှုကိစ္စအမျိုးမျိုး၊ အဝတ်ချုပ်ခြင်း၊ ဓာတ်ပုံထိုး စသည့်လုပ်ငန်းများ) သို့မဟုတ် အိမ်နီးချင်းများထံ သွားရောက် လည်ပတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ကျောင်းတွင်းနှင့် ကျောင်းသွားရာလမ်းတွင် ဘေးကင်းလုံခြုံခြင်း**

- ပညာရေးနှင့်စပ်လျဉ်းသည့် KII တွင် မြို့နယ် ၂၆ မြို့နယ်အနက် ၈ မြို့နယ်တွင်သာ ကျောင်းများသည် မိန်းကလေးများနှင့် ယောကျ်ားလေးများအတွက် အထွေထွေဘေးကင်းလုံခြုံမှုရှိကြောင်း အစီရင်ခံခဲ့သည်။ မြို့နယ် ၉ မြို့နယ်တွင် ကျောင်းများသည် ယေဘုယျအားဖြင့် ဘေးကင်းလုံခြုံမှု မရှိကြောင်းနှင့် အခြား ၉ မြို့နယ်တွင်မူ ကျောင်းအနည်းငယ်သည်သာ ကလေးများအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း KIs များက အစီရင်ခံခဲ့သည်။ ပညာရေးနှင့်စပ်လျဉ်းသည့် KIs များက

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများ ကို ကလေးများအတွက် လုံခြုံမှုမရှိသော ကျောင်းအမျိုးအစားများအဖြစ် ဖော်ပြခဲ့ကြသည်။ [3]

- တိုင်ပင်ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည့် ကလေးများက ကျောင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာရပ်များကို ကြောက်ရွံ့ထိတ်လန့်ကြောင်း ဖော်ပြခဲ့ကြသည်။ ယင်းပြဿနာရပ်များတွင် ကျောင်းကို ဗုံးကြဲခံရနိုင်ခြင်း၊ ကျောင်းများကို ပြန်ပိတ်နိုင်ခြင်း (ဤအချက်က ကိုဗစ်(၁၉) ကြောင့် ကျောင်းများ ပိတ်ထားရခြင်းသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ရေရှည်အကျိုးသက်ရောက်မှုများ ရှိနေကြောင်းကို ပေါ်လွင်အောင်ဖော်ပြနေသည်)၊ ဆရာ/ဆရာများက ကျောင်းသား/သူများကို ရိုက်နှက်နိုင် ခြင်း၊ ကျောင်းသို့ တစ်ဦးတည်း လမ်းလျှောက်သွားရခြင်း၊ အနိုင်ကျင့်ခံရခြင်းတို့ ပါဝင်ကြသည်။
- တွေ့ဆုံမေးမြန်းခဲ့သည့် မိဘအုပ်ထိန်းသူ KIs များအနက် ၁၁ % က သူတို့ကလေးများ၏ ကျောင်းများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်း အစီရင်ခံခဲ့သည်။ ကျောင်းများတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ အတွက် လုံခြုံရေးဆိုင်ရာ အဓိကစိုးရိမ်မှုမှာ ကျောင်းများကို တိုက်ခိုက်ခံရခြင်းဖြစ်သည် (မိဘအုပ်ထိန်းသူ KIs များအနက် ၇၉% က မိန်းကလေးများအတွက် စိုးရိမ်မှုဖြစ်ကြောင်းနှင့် ၇၇% က ယောကျ်ားလေးများ အတွက် စိုးရိမ်မှုဖြစ်ကြောင်းအစီရင်ခံခဲ့သည်)။
- မိဘအုပ်ထိန်းသူ KIs အများစုတို့က မိမိတို့ ကလေးများ၏ ကျောင်းသို့သွားရာလမ်းကြောင်းသည် ဘေးကင်းလုံခြုံမှုရှိကြောင်း ဖြေကြားခဲ့ကြသည်။ မိန်းကလေးများ၏ မိဘအုပ်ထိန်းသူများအနက် ၁၀% နှင့် ယောကျ်ားလေးများ၏ မိဘအုပ်ထိန်းသူများအနက် ၇% ကသာ ကျောင်းသို့သွားရာလမ်းကြောင်းသည် လုံခြုံမှုမရှိကြောင်း ဖြေကြားခဲ့သည်။ ဤမိဘအုပ်ထိန်းသူအစုက အဓိကပြောကြားသည့် စိုးရိမ်မှုမှာ ယာဉ်မတော်တဆမှုများ ဖြစ်သည်။ သို့ရာတွင် တိုင်ပင်ဆွေးနွေးပွဲများ၌ ပါဝင်ခဲ့သည့် ကလေးများကမူ များစွာသော မိဘများသည် နိုင်ငံရေးအခြေအနေကြောင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ရှိသည့်အတွက် အခြားကျေးရွာများရှိ ကျောင်းများသို့ ခရီးဝေးလမ်းလျှောက်သွားရသည့် ကလေးများအား ကျောင်းမတက် ခိုင်းတော့ကြောင်း ဖော်ပြခဲ့ကြသည်။ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများသည် အထူးသဖြင့် ကျောင်းသူများအတွက် ပိုမိုပြင်းထန်မည်မှာ သိသာပါသည်။
- ကျောင်းများအား စစ်တမ်းကောက်ယူမှု (school surveys) ရလဒ်များအရ အချို့သော ကျောင်းများသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်တစ်ခု

---

[3] ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများသည် ပညာရေးမဟုတ်သည့် ရည်ရွယ်ချက်များဖြင့် (တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝ) အသုံးပြုခံရနိုင်သည့် ကျောင်းများဖြစ်ကြောင်း ယေဘုယျအားဖြင့် သတ်မှတ်ထားကြသည်။ (ဆိုလိုသည်မှာ နိုင်ငံတွင်း နေရပ်စွန့်ခွာရသူများအတွက် ခိုလှုံရာနေရာများအဖြစ် အသုံးပြုခြင်း သို့မဟုတ် တပ်ဖွဲ့ဝင်များ ရှိနေခြင်း/နေရာယူထားခြင်း)။

ဖြစ်ပွားပြီးနောက်ပိုင်းမှသာ ကလေးများ အား အကူအညီပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာကြကြောင်းနှင့် ကျောင်းအားလုံးတို့ သည် ယင်းသို့ ကူညီပေးရန် ပြင်ဆင်ထားခြင်းမရှိကြောင်း ဖော်ပြနေပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၆၄% သည် ကျောင်းသား/ကျောင်းသူများအား စိတ်ပိုင်းဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးခဲ့သည်။ သို့ရာတွင် ကျောင်းများအနက် ၅၀% နီးပါးတို့က မိမိတို့၏ ဆရာ/ဆရာမများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုဖြစ်ရပ်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အစီရင်ခံရန်အတွက် လေ့ကျင့်သင်တန်းပေးထားခြင်း မရှိကြောင်း အစီရင်ခံထားသည်ကို သတိပြုရန် အရေးကြီးပါသည်။ လေ့လာဆန်းစစ်ခဲ့သည့် ကျောင်းများအနက် ၅% ကသာ မိမိတို့၏ ဆရာ/ဆရာမများ အားလုံးကို လေ့ကျင့်သင်တန်းပေးထားပြီးဖြစ်ကြောင်း အစီရင်ခံခဲ့သည်။

*ဤလေ့လာဆန်းစစ်မှုကို လိုအပ်ချက်ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများ ခိုင်မာအားကောင်းစေရေးအတွက် လူသားချင်းစာနာမှုရေးရာ ဌာန (BHA) ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ကမ္ဘာလုံးဆိုင်ရာ ပညာရေးအစုအဖွဲ့ (GEC) နှင့် ကမ္ဘာလုံးဆိုင်ရာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တာဝန်ခံလုပ်ငန်းအဖွဲ့ (GCPAoR) တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤစီမံကိန်းသည် အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး (EiE) နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP) နယ်ပယ်များ၌ ပါဝင်ဆောင်ရွက်နေသူအားလုံး၏ နိုင်ငံအဆင့်မဟာဗျူဟာစီမံချက်ရေးဆွဲရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအား ပံ့ပိုးကူညီပေးရန်အတွက် အချက်အလက်များနှင့် သက်သေအထောက်အထားများ တိုးတက်ရရှိနိုင်စေရန် ရည်ရွယ်ပါသည်။ EiE လုပ်ငန်းများသည် စာသင်ကျောင်းများနှင့် သင်ကြားရေးနေရာများမှတစ်ဆင့် (ကျောင်းတွင်း အစားအစာတိုက်ကျွေးခြင်း၊ အာဟာရ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ကဲ့သို့သော) အသက်ကယ်ဆယ်ရေး ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်ရန် ထောက်ပံ့ပေးခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မျှော်မှန်းရလဒ်များအား ရရှိနိုင်ရန် ပါဝင်ကူညီပေးသည့်အတွက် ဤစီမံကိန်းသည် အရေးကြီးပါသည်။ စာသင်ခန်းဆိုသည်မှာ အသက်ကယ်ဆယ်ရေး သတင်းစကားများကို ဖြန့်ဝေပြောကြားရန်၊ အသိအမြင်နိုးကြားစေရေး ဆောင်ရွက်ရန်နှင့် အပြုအမူပိုင်း ပြောင်းလဲမှုများကို မြှင့်တင်ပေးရန်အတွက် အရေးကြီးသော နေရာတစ်ခု ဖြစ်ပါသည်။ ထို့အပြင် စာသင်ခန်းများနှင့် ပညာသင်ကြားရေးအခြေအနေများသည် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်၍ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်သည့် နေရာ တစ်ခုကိုလည်း ပံ့ပိုးပေးပါသည်။ ယနေ့အထိ Burnkina Faso, Niger နှင့် မြန်မာနိုင်ငံတို့တွင် လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်း သုံးခုကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။*



© UNICEF/UN0406611/Htet

Global Education Cluster | Myanmar Education Cluster | REACH An Initiative of IMPACT Initiatives, ACTED & UNOSAT | Myanmar Child Protection AoR | Child Protection

စီမံကိန်းအကြောင်း ထပ်မံလေ့လာလိုပါက

https://www.educationcluster.net/eiecpneedsassessments တွင်

ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။